

ညီလေးငယ်

# ခိုလှုံရာရင်ခွင်က

## အမျှဝေပေးပါချစ်သူ

# ခိုလှုံရာရင်ခွင်က အမျှဝေပေးပါ ချစ်သူ

**ညီလေးငယ်**

*** ကိုယ်မရှိတော့ရင် မငိုပါနဲ့ ချစ်သူရယ်....။

ဘဝသစ်တစ်ခုမှာ ရှင်သန်ပါ....။

အနာဂတ် တစ်ခုကို ကောင်းမွန်စွာ မွေးဖွားပါ..။

အချစ်သစ် ရှာဖွေပြီး ပိုနွေးထွေးတဲ့ ရင်ခွင်မှာ ခိုလှုံပါ...။

တကယ်လို့ ကိုယ်ဟာ အချစ်ကြောင့် မကျွတ်လွတ်သူ ဖြစ်ခဲ့ရင်လည်း

ခိုလှုံရာရင်ခွင်ကနေ အမျှဝေပေးပါ ချစ်သူ..........။

***

ကျွန်တော်စိတ်တွေ အသိ ပြန်ဝင်လာသည့် အချိန်၌ လူတစ်ယောက်ကို သတ်လိုက်မိပြီ ဆိုတာကို ကျွန်တော် သိသွားခဲ့သည် ။ မိုးရေများ ဖြင့်

ရောယှက်ကာ တသွင်သွင် စီးကျနေသော သွေးစက်များကို ကြည့်ပြီး ကျွန်တော် လက်မှ ကျစ်ကျစ်ပါအောင် ဆုပ်ထားသော ဓားကို ကြောက်လန့်တကြားလွှတ်ချလိုက်မိ၏။လက်အစုံမှ ပေကျံနေသောသွေးစက်များကို ကြည့်ပြီးကျွန်တော့် ကမ္ဘာကြီးတစ်ခုလုံးပျက်စီးသွား သလိုခံစားလိုက်ရပါတော့သည် ။

``မဟုတ်ဘူး ….. မဟုတ်ဘူး …..ငါ မဟုတ်ဘူး ….''

ကြောက်စိတ်များ ဖြင့် လက်တွေ့ကို ကျွန်တော့် မသိစိတ်ရော အသိစိတ်ကပါ ငြင်းဆန် နေမိသည် ကို ကျွန်တော့်ကို တိုင်သိပါသည် ။ တဝေါဝေါ ရွာကျနေသည့် မိုးရေစက်များကြား ကျွန်တော့် တစ်ကိုယ်လုံး ထူပူကာ ထုံကျင်လို့ နေလေသည် ။ သွေးအိုင်ထဲတွင် ခွေခွေလေး လှဲကာ မသက်မသာ ဖြစ်နေသော သူငယ်ချင်း လွမ်းနှောင်၏ အသက်ရှူသံ ပြင်းပြင်းကို မိုးရေများကြား ကျွန်တော် အတိုင်းသား ကြားနေရ၏။ ဝေဒနာကို ခံစားကာ သွင်သွင်လေး စိုက်ကြည့်နေသော လွမ်းနှောင်၏ မျက်လုံးများက ကျွန်တော့်ကို အကူအညီ တောင်းနေသည် လော ၊ မုန်းတီး နာကြည်းနေသည် လော ကျွန်တော်မသိပါ။

ကြောက်ရွံ့စရာ မြင်ကွင်းကြီးကို ကျော်လွှန်နိုင်ရန် ကျွန်တော့် မျက်နှာကို သွေးစက်များ ပေကျံနေသော ကျွန်တော့် လက်အစုံမြင့် ဖုံးအုပ်လိုက်ကာ နောက်သို့ တစ်လှမ်းခြင်း ဆုတ်လိုက်မိ၏။ ရင်ထဲတွင် ကြောက်ရွံ့ခြင်း ၊ တုန်လှုပ်ခြင်းတို့ နှင့် အတူ ကျွန်တော် ကမ္ဘာကြီးတစ်ခုလုံး ပျက်စီးသွားသလို ကျွန်တော် ခံစားလိုက်မိ၏။

တဝေါဝေါ ပြိုကျနေသည့် မိုးစက်များကို မျှော်ကြည့်ကာ ကျွန်တော် ဦးတည်ရာမဲ့ အားပါးတရ အော်လိုက်မိလေတော့သည် ….။

``အား…။ မဟုတ်ဘူး …။ ငါ မဟုတ်ဘူး …''

လွမ်းနောင် ... ကျွန်တော် အချစ်ဆုံး သူငယ်ချင်း လွမ်းနောင်။ လွမ်းနောင်ကို ကျွန်တော် မသတ်ဘူး။ လွမ်းနောင်က ကျွန်တော့်ရဲ့ အချစ်ဆုံး သူငယ်ချင်း..။ ကျွန်တော့်သူငယ်ချင်းကို ကျွန်တော် မသတ်ဘူး။

ကြောက်စိတ်တို့ ဖြင့် ဦးတည်ရာမဲ့ အော်ကာ ကျွန်တော်ဒူးတို့ သည့် တဆတ်ဆတ် တုန်နေရင်းမှ ညွတ်ကျ သွားခဲ့၏။ အားအင်ချိနဲ့ ကာ တစ်စုံတစ်ယောက်က ခြေထောက်မှ သိမ်းပြီး ရိုက်လိုက်သလို ခံစားရပြီး မြေပြင်ပေါ်သို့ ကျွန်တော် လဲကျ သွားခဲ့သည် ။ ကျွန်တော် ခေါင်းတစ်ခုလုံး မူးဝေ နောက်ကျိကာ အေးမြ လတ်ဆတ်သော မြေပြင်ပေါ်မှ မိုးရေစက်များ ဆီ ကျွန်တော် ပါးအစုံ အပ်လိုက်မိ၏။ ပင်ပန်းလွန်းသည့် ဒဏ် ၊ နာကျင်လွန်းသည့် ဒဏ်တို့ ကြောင့် ကျွန်တော် မျက်လုံး အစုံတို့ ကို ဖြည်းဖြည်းချင်း ကျွန်တော် မှိတ်လိုက်မိလေသည် ။

***

ဂျိန်းခနဲ မိုးချုန်းသံ ကြားသည့်အခါ ကျွန်တော် ဦးနှောက်ထဲသို့ အသိစိတ် တစ်ခု အလုံးအရင်း ဝင်ရောက်လာခဲ့၏။

ကျွန်တော်ချစ်သော မိုး .....။ မိုးနှင့် ကျွန်တော် မခွဲနိုင်ဘူး...။ မိုးကို ကျွန်တော်ချစ်တယ်။ ကျွန်တော် လွမ်းနောင်ကို သတ်မှုနှင့် ထောင်ကျ သွားခဲ့သည် ရှိသော် ...။ မိုးနှင့်ကျွန်တော် ထာဝရဝေးပြီ...။ ပြီးတော့... လွမ်းနောင်ကို ကျွန်တော် သတ်လိုက်သည် ကိုသာ မိုးသိရင် မိုး ကျွန်တော့်ကို တစ်သက်လုံး ခွင့်လွှတ်မှာ မဟုတ်ဘူး ။

ကျွန်တော် အကြောက်ဆုံးက မိုး ကျွန်တော့်ကို မုန်းမှာ ကိုပဲ...။ မိုးနှ

င့်ကျွန်တော် နီးစပ်မှ ရမယ်..။ မိုး အချစ်ကို ကျွန်တော် ရခဲ့သလို မိုးကို ကျွန်တော် ပိုင်ဆိုင်ရမယ်..။ ကျွန်တော် သည် လို နေလို့ မဖြစ်ဘူး ။ ဟုတ်တယ် ..။ ကျွန်တော် ပြေးရမယ်...။ ကျွန်တော် ဒီနေရာက အဝေးဆုံးကို ကျွန်တော်ပြေးရမယ်....။

ထို့နောက် ကျွန်တော် ကမန်းကတန်း ထရပ်လိုက်ပြီး ကျွန်တော် ပြေးထွက် ခဲ့ပါတော့သည် ။ ပြေးရင်း နောက်သို့ လှည့်ကြည့် လိုက်မိသေး၏။ မိုးရေများ ဖြင့် ရောယှက်နေသော သွေးအိုင်ထဲတွင် လဲကျနေသည့် လွမ်းနောင်၏ အလောင်းက မြင်မကောင်းစရာ ကျန်ရစ် ခဲ့ပါတော့သည် ။

***

တကယ်တော့ လွမ်းနောင်နှင့် ကျွန်တော်က အရမ်းချစ်ကြတဲ့ သူငယ်ချင်းပါ။ ငယ်ငယ်ကတည်းက တူတူ ဆော့ကစားခဲ့ကြတယ်။ ထမင်းတစ်ပန်းကန်ထဲကို တူတူ စားခဲ့ကြတယ်။ တူတူရေကူးဖူးတယ်။ ဘောလုံးကန်ခဲ့ဖူးတယ်...။ တူတူ ကျောင်းတက်ခဲ့ကြတယ်။ စာကျက်ခဲ့ကြတယ်။ တူတူ ခရီးတွေ ထွက်ဖူးတယ်။ အလုပ်တွေ လုပ်ဖူးတယ်။ လွမ်းနောင်အိမ်က ကျွန်တော့် အိမ်လေး ဖြစ်သလို ကျွန်တော့် အိမ်ကလည်း လွမ်းနောင်ရဲ့ အိမ်ဖြစ်ခဲ့တာပဲ။

မိဘတွေ အချင်းချင်းရင်းနှီးပြီး လွမ်းနောင်နှင့် ကျွန်တော်တို့ က အိမ်နီးချင်းတွေပါ။ လွမ်းနောင်က ကျွန်တော့်ထက် သုံးလလောက်ပဲ ကြီးပေမဲ့ အစ်ကိုကြီး တစ်ယောက်လို လွမ်းနောင် ကျွန်တော့်ရှေ့မှာ မားမားမတ်မတ် ရပ်တည်ပေးဖူးတယ်။ မှတ်မိသေးတယ် ငယ်ငယ်က ကျွန်

တော်တို့ သူငယ်ချင်းတွေ သိုင်းချတမ်း ကစားတော့ ကျွန်တော့်ကို တခြားသူတွေ အနိုင်ကျင့်တော့ လွမ်းနောင်က တစ်ယောက်တည်း ဖိုက်တာလုပ်ပြီး ကျွန်တော့်ကို ကာကွယ် ပေးဖူးတယ်။ အဲဒီတုန်းက လွမ်းနောင် သူများ တွေ ဝိုင်းထိုးလို့ နှာခေါင်း သွေးလျှံပြီး ရပ်ကွက် ဆေးခန်းတောင် ရောက်ခဲ့သေးတာ။

အစားအသောက်မှာ ဆိုလည်း လွမ်းနောင်က ကျွန်တော့်ကို နေရာတကာ ညာတာသူပဲ။ လွမ်းနောင်တို့ မိသားစုက အချမ်းသာကြီးထဲ က ဟုတ်ပေမဲ့ စားနိုင်သောက်နိုင်ထဲကပါ။ ကျွန်တော်တို့ ထက် စာရင် လွမ်းနောင်တို့ မိသားစုက အဆင်ပြေတယ် ပြောရမယ်။ လွမ်းနောင်က သူစားရမယ့် မုန့်ထဲက တစ်ဝက်ကို ကျွန်တော့်ကို လာလာ ကျွေးနေကျ။ ကျွန်တော် မုန့်ဖိုး မပါတဲ့ နေတွေဆို လွမ်းနောင်က သူမုန့်ဖိုးနှင့် ကျွန်တော့်ကို ဝယ်ကျွေးနေကျ။

အရွယ်ရောက်လာတော့လည်း နေရာတကာ ကျွန်တော့်ကို ဦးစားပေး နေကြပါ။ သူတောင် မဝတ်ရက်တဲ့ အဝတ်စားတွေကို လွမ်းနောင် ကျွန်တော့်ကို ပေးဝတ်နေကြပါ။

ကျွန်တော်အပေါ်ညီကိုရင်းချာလို ကောင်းတဲ့ လွမ်းနောင်ကို ခုတော့ ကျွန်တော် သတ်လိုက်မိပြီ။

ငယ်ငယ်ကတည်းက ချစ်ချစ်ခင်ခင် နေခဲ့ကြပေမဲ့ မိုး ဆိုတဲ့ ကောင်မလေး ကျွန်တော်တို့ ဘဝထဲကို ဝင်လာခဲ့တဲ့ အခါ ကျွန်တော်နှင့် လွမ်းနောင် ရန်သူကြီးတွေ ဖြစ်ခဲ့ကြပါတယ်။ အကြိုက်ချင်းတူ ရန်သူဆိုသလို ကျွန်တော်နှင့် လွမ်းနောင်က အကြိုက်ချင်း တူတော့ ရန်သူတွေ ဖြစ်ခဲ့ကြတာပေါ့။

မိုးကို လွမ်းနောင် ချစ်သလို ကျွန်တော်လည်း အသက်မက ချစ်ခဲ့တာ

ပါ။ နေရာတကာ လွမ်းနောင် ကျွန်တော့်ကို ဦးစားပေးခဲ့ပေမဲ့ ဒီတစ်ခါတော့ လွမ်းနောင် ကျွန်တော့်ကို ဦးစားမပေးပါဘူး။ ကျွန်တော့်ထက် မလျော့တဲ့ အချစ်တွေနှင့် မိုးကို ချစ်ပြနေတာက လွမ်းနောင်ကို ကျွန်တော် အမြင်ကတ်ဆုံး လုပ်ရပ်ပါပဲ။ မိုးနှင့် ကျွန်တော့်ကြားမှာ လွမ်းနောင်က လုံးဝ အမုန်းတစ်ခုပါပဲ။ ဒီအမုန်းကြောင့် ကျွန်တော့်စိတ် ဒုက္ခ ရောက်ခဲ့ရပေါင်းများ ခဲ့ပြီ။

နောက်ဆုံး မိုးကို နှစ်ယောက်အတူ အဖြေတောင်းတော့ မိုးက ကျွန်တော့်အချစ်ကို လက်ခံခဲ့တယ်။ အဲဒီအချိန်ကစပြီး ကျွန်တော်နှင့် လွမ်းနောင် ရန်သူတွေ ဖြစ်ခဲ့တော့တာပါပဲ။

ကျွန်တော်နှင့် မိုး အဆင်မပြေအောင် လွမ်းနောင် အမျိုးမျိုး လိုက်ဖျက်ခဲ့တယ်။ သူ့ကြောင့် မိုးနှင့် ကျွန်တော် မကြာခဏ ပြဿနာ တက်ခဲ့ရဖူးတယ်။ ပြောရရင် ကျွန်တော်လည်း လွမ်းနောင်ကို အတော်လေး သတ်ပစ်ချင်စိတ်တွေ ပေါက်နေတာ ကြာပါပြီ။ ငယ်ငယ်က သံယောဇဉ်တွေက ကျွန်တော်တို့ ဆီမှာ ပျောက်ကုန်လေပြီ။ လွမ်းနောင် မရှိရင် ကျွန်တော့်အတွက် အကောင်းဆုံးလို့ ကျွန်တော်ထင်ခဲ့တယ်။ ဒါကျွန်တော် အတွက် အမှန်လား အမှားလားဆိုတာကို ကျွန်တော် မသိပါဘူး။

မိုး ကလည်း ကျွန်တော့်အချစ်ကို လက်ခံခဲ့ပေမဲ့ လွမ်းနောင်ကိုတော့ အတော်လေး ခင်ပါတယ်။ မိုးရဲ့ အချစ်ဆုံး သူငယ်ချင်းထဲမှာ လွမ်းနောင်လည်း ပါနေတာမို့ ကျွန်တော်လည်း အလိုက်ထိုက်တော့ ဆက်ဆံ ပေးရတော့တာပေ့ါ။ ကျွန်တော် လွမ်းနောင် နှင့်အဆင်ပြေပြေ မဆက်ဆံရင် မိုးက ကျွန်တော့်ကို စိတ်ကောက်ပြတယ်။

နောက်တော့ ကျွန်တော်တို့ ကျောင်းလည်း ပြီးရော မိုးကို ကျွန်တော် လက်ထပ်ခွင့်တောင်းခဲ့တယ်။ မိုး ကလည်း လက်ခံပြီး မိုး မိဘတွေပါ

ကျွန်တော်နှင့် သဘောတူတော့ လက်ထပ်ဖို့ ရက်တွေ ရွေးကုန်ကြတယ် ။ ကျွန်တော့်ဖြင့် မိုးကို ဘယ်သူမှ လုယူလို့ မရတော့တာကို တွေးပြီး ပျော်လိုက်ရတာ နေ့တိုင်းပါပဲ။

အထူးသဖြင့် လွမ်းနောင်ပေါ့။ ကျွန်တော်တို့ လက်ထပ်ပြီးရင် လွမ်းနောင်လည်း ကျွန်တော်နှင့် မိုး ကြားမှာ လိုက်ပြီး ကလန့်တိုက်စရာ အကြောင်းမရှိတော့။ ကျွန်တော့်ဖြင့် တွေးတွေးပြီး ပျော်လိုက်တာ အတိုင်းထက် လွန်ပါပဲ။ နောက်ဆုံးတော့လည်း မိုးကို ကျွန်တော် သည် သာ ပိုင်ဆိုင်ခွင့် ရတော့မည် မဟုတ်ပါလား။

ကျွန်တော်တို့ လက်ထပ်တော့မည် ဆိုကတည်းက လွမ်းနောင် အရက်တွေ သောက်တယ်ဆိုတာ ကျွန်တော် သတင်းရတယ်။ အရက်တွေ သောက်တိုင်း ကျွန်တော်ကို ဓားကျိန်း ကျိန်းနေတာကို ကျွန်တော်ပြန်ကြားပါတယ်။ ဒါပေမဲ့ ကျွန်တော်က မိုးကို ပိုင်ဆိုင်ခွင့်ရတော့မယ့်သူပဲ လွမ်းနောင်ဘယ်လို ကျွန်တော့်ကို ဓားကျိန်း ကျိန်းစမ်းပါစေ။ ကျွန်တော် ဂရုစိုက်စရာ မလိုပါဘူး။ အဓိကက မိုးနှင့်ကျွန်တော် အဆင်ပြေပြေနှင့် လက်ထပ်ရဖို့ ပါပဲ။

ကျန်တာတွေ ဘယ်လိုဖြစ်ဖြစ် မိုးသာ ကျွန်တော့်အနားမှာ ရှိနေရင် ကျွန်တော်ကျေနပ်ပါတယ်။

***